

# အမှာ စကား

နိုင်ငံခြားပြန် ပုရွက်ဆိတ်ဝတ္ထုကို ၁၉၉၆ ခုနှစ်မှ စတင်၍ ကျွန်တော် ရေးပါသည် ။ အကြောင်းကြောင်းကြောင့် အပြီးသတ်အောင် မရေးနိုင်ဘဲ နှစ်များ စွာ ကြာခဲ့ရသည် ။ နဝဒေးမဂ္ဂဇင်း ကို ကျွန်တော်စီစဉ်ထုတ်ဝေခွင့် ရသောအခါ အခန်းဆက်ဝတ္ထုရှည်အဖြစ် နိုင်ငံခြားပြန် ပုရွက်ဆိတ် ကို ရေးဖြစ်ပြန်သည် ။

သို့သော်လည်း ကံမကောင်း အကြောင်းမလှသဖြင့် နဝဒေးမဂ္ဂဇင်းကို ရပ်လိုက်ရသော ကြောင့် ပုရွက်ဆိတ်ခမျာလည်း ရှေ့မဆက်နိုင်ဘဲ ရောက်ရာအရပ်မှာ ရပ်တန့်နေရပြန်သည် ။

၂၀၀၆ ရောက်တော့ ရေးချင်စိတ်တွေ ပြန်ပေါ် လာပြီး အချိန်ပေးကာ ပြန်ရေးသဖြင့် ဖေဖော် ဝါရီလအတွင်းမှာ ပြီးစီးသွားခဲ့သည် ။

ထိုဝတ္ထုသည် ကျွန်တော်ရေးသမျှ စာအုပ်တွေနှင့် သီးခြားလိုင်းခွဲ ထွက်စေသော စာအုပ်တစ် အုပ်ဖြစ်ပါသည် ။ လေးနက်သော ဘဝအမြင် အတွေးတွေနှင့် ဒဿနကို အဓိက ဦးစားပေး ရေးခဲ့ သော ဝတ္ထု ဖြစ်၏။ ထို့အတွက် စွဲမက်ပျော်ရွှင်ဖွယ်ရာ မဖြစ်ခဲ့လျှင် ခွင့်လွှတ်နားလည်ပေးပါရန် တောင်းပန်အပ်ပါသည် ။

ကြီးပွားချင်သောစိတ်ဖြင့် နိုင်ငံခြားသွားချင်သူများကို မှန်မှန်ကန်ကန် စဉ်းစားဆုံးဖြတ်နိုင် အောင် ကျွန်တော့်ဘဝအတွေ့အကြုံများကို အရင်းအနှီးပြုကာ အိတ်သွန်ဖာမှောက် ရေးထားပါ သည် ။

၁၉၉၄ ခုနှစ် ပတ်ဝန်းကျင်က အတွေ့အကြုံများကို အခြေပြု ရေးသားထားသဖြင့် ယခုအချိန် နှင့် မဆီလျော်တာတွေ တွေ့မည်ဆိုပါက သည်းခံနားလည်ပေးစေလိုပါသည် ။

နိုင်ငံရပ်ခြားသို့ ကြီးပွားချင်စိတ်ဖြင့် အ လုပ်သွားလုပ်ရန် ကြံစည်ထားကြသူများ ဤစာအုပ် ကိုဖတ်၍ မိမိအရည်အချင်းဖြင့် သွားသင့် မသွားသင့် မှန်မှန်ကန်ကန် စဉ်းစားရွေးချယ်ဆုံးဖြတ်နိုင် ကြလျှင် ဤစာအုပ်ကို အားထုတ်ကြိုးပမ်း ရေးသားရကျိုး နပ်ပြီဟု ဆိုချင်ပါတော့သည် ။

ကောင်းသန့်

၂၀-၂-၀၆

*

# အခန်း(၁)

ကျွန်ုပ်သည် ပုရွက်ဆိတ်တစ်ကောင်မျှသာ ဖြစ်ပါသည် ။ အကောင် သေးသေးလေးဖြစ်ကြောင်း အားလုံးသိကြပါသည် ။ သို့သော်. . . အကြံ ဉာဏ်မသေးပါ။ ရည်မှန်းချက် ခပ်ကြီးကြီးထား ကြောင်း မည်သူမျှ မသိကြပါ။ နေ့စဉ်နှင့်အမျှ ဘဝနှင့်ပတ်သက်သော အကြောင်းတွေကို ကျွန်ုပ် တွေးနေသည် ။ အကြံကြီး. . . ကြံနေသည် ။

ဘဝဆိုတာ. . . ဘာလဲ

ဘဝရဲ့ အနှစ်သာရဆိုတာ. . . ဘာလဲ

ဘဝတစ်ခုအတွင်းမှာ ဘယ်လိုနေထိုင်သွားရမလဲ

ဆိုတာ ကျွန်ုပ်ဉာဏ်မီသလောက် တွေးနေမိသည် ။

သို့သော်. . . ကျွန်ုပ်တို့ တွင် အားလပ်ချိန် အလွန်နည်းပါးသည် ။ ကျွ န်ုပ်တို့ ပုရွက်ဆိတ်သည် အလွန်အလုပ် လုပ်ကြရပါသည် ။ ငြိမ်ငြိမ် လေး ထိုင်တွေးနေဖို့ အချိန်မရပါ. . .။ လှုပ်ရှားသွားလာရင်းနှင့် ဘဝနှင့် ပတ်သက်တာ ကျွန်ုပ် တွေးရပါသည် ။

ဘဝဆိုတာ. . . ဘာလဲ

အချိန်အတော်ကြာကြာ ကျွန်ုပ် စဉ်းစားပါသည် ။ အဖြေမထွက်ပါ။ “ဘဝဆိုတာ အိပ်မက် တစ်ခု”ပဲဟု ကျွန်ုပ် ထင်ခဲ့ဖူးပါသည် ။ အိပ်မက် ဆိုတာ သေချာရေရာခိုင်မာတာ တစ်ခုမျှမရှိ။ ဘဝဆိုတာ. . . သေချာရေ

ရာ ခိုင်မာတာတွေရှိတယ်လို့ ဆရာဒီတူး ပြောသောအခါ ကျွန်ုပ်အထင်မှားကြောင်း ပြန်သုံးသပ်မိပါသည် ။

"ဥပမာကွာ. . . ဘဝမှာ မွေးဖွားပြီးရင် သေဆုံးတယ်ဆိုတာ. . . သေချာတယ်။ နေရတဲ့ ဘဝမှာ ကောင်းတဲ့ အလုပ်ကို လုပ်ရင်. . . ကောင်းကျိုး ခံစားရမယ်. . . မကောင်းတဲ့ အလုပ် လုပ်ရင် မကောင်းကျိုးကို ခံစားရမယ်။ ဘာတစ်ခုမျှ အမြဲတမ်း ခိုင်မြဲနေတာ မရှိဘူး။ အားလုံးဖြစ်ပျက် ပြောင်းလဲနေတာပဲ ဆိုတာတွေဟာ သေချာရေရာတယ်"

ဆရာဒီတူး ရှင်းပြသော ဥပမာများကို ကျွန်ုပ်လက်ခံပြီး

ဘဝဆိုတာ. . . အိပ်မက်တစ်ခုမဟုတ်ကြောင်း ကျွန်ုပ် သဘောပေါက်လိုက်ပါသည် ။ ဒါဆိုရင်. . . ဘဝဆိုတာ ဘာလဲဟု ဆရာဒီတူးကို. . . ကျွန်ုပ် ပြန်မေးလိုက်ပါသည် ။

စကားစပ်၍ . . . ဆရာဒီတူးအကြောင်း ပြောရဦးမည်. . .။ ဆရာဒီတူးသည် ကျွန်ုပ်တို့ ပုရွက်ဆိတ်လောကတွင် စံတင်ထားသော ဆရာတစ်ဆူ ဖြစ်ပါသည် ။ ပုရွက်ဆိတ်တို့ တွင် တတ်အပ်သော ပညာရပ်အားလုံး တတ်မြောက်ထားသည် ။ အတွေးအခေါ် ထက်မြက်သည် ။ ချင့်ချိန်စဉ်းစားတတ် သည် ။ အကြံကောင်း ဉာဏ်ကောင်းပေးနိုင်သည် ။ လူကြီးပီသသည် ။ သို့သော်. . . ကျွန်ုပ်တို့ ပုရွက်ဆိတ်များ ၏ ခေါင်းဆောင်အကြီးအကဲ မဟုတ်ပါ။ လွတ်လပ်စွာ နေထိုင်ပြောဆိုတတ်သော ကျွန်ုပ်တို့ ၏ အဘိဓမ္မာ ဆရာကြီးတစ်ဆူသာ ဖြစ်ပါသည် ။

ထိုဆရာကြီးက ကျွန်ုပ်မေးခွန်းကို တိုက်ရိုက်မဖြေပါ။

"မင်းက. . . ဘဝဆိုတာဘာလဲ သိချင်ရအောင် မင်း ဘာကောင်လဲ"

ကျွန်ုပ် ကြောင်သွားသည် ။ ကျွန်ုပ်မေးခွန်းကို မကြိုက်၍ ဘုတောနေတာလားဟု ထင်မိပြီး ချက်ချင်းပြန်မဖြေ။

"ဖြေလေကွာ. . . ငါ့အမေးတွေ ဖြေရင်းနဲ့ မင်းသိချင်တဲ့ မေးခွန်းရဲ့ အဖြေ ပေါ်လာလိမ့်မယ်"

"မင်း. . . ဘာကောင်လဲ"

"ပုရွက်ဆိတ် တစ်ကောင်ပါ"

"မင်း. . . အခု ဘာလုပ်နေသလဲ"

"အစာရှာတဲ့ အလုပ် လုပ်နေပါတယ်"

"ဘာဖြစ်လို့ အစာရှာတဲ့ အလုပ် လုပ်နေရတာလဲ"

"အသက်ရှင်နိုင်ဖို့ အတွက်ပါ"

"အစာကို အိမ်မှာ ဇိမ်နဲ့ ထိုင်ပြီး ရှာလို့ မရဘူးလား"

"မရပါဘူး. . ."

"ဘာဖြစ်လို့ လဲ"

"ကိုယ်လို အစာရှာတဲ့ လူတွေ အများကြီး ရှိနေလို့ ပါ။ ကိုယ်က. . . ဇိမ်နဲ့ ထိုင်နေရင် ကြိုးစား ရှန်းကန်ရှာဖွေနေတဲ့ သူတွေက ကိုယ်စားရမယ့်အစာကို. . . လက်ဦးပြီး ရသွားမှာ ပေါ့"

"ဒီလိုဆို. . . မင်းဘာလုပ်မလဲ"

"သူများ ထက် ဝီရိယပိုထားပြီး. . . အစာကို ရှာဖွေနေတာပေါ့"

"တစ်နေ့တလေလား. . .အမြဲတမ်းလား"

"အမြဲတမ်းပါပဲ. . ."

"ဒီလိုဆို. . .မင်းပိုင်ဆိုင်ထားတဲ့ အချိန်တွေအားလုံး နီးနီးကို အစားရှာဖွေနေတာပေါ့"

"ဟုတ်ပါတယ်. . ."

"လွယ်လွယ်ကူကူ ရှာဖွေရသလား. . . ရုန်းကန်ပြီး. . . ရှာဖွေရသလား"

"ရုန်းကန်ပြီး. . . ရှာဖွေရပါတယ်"

"ကဲ. . . ဒီလောက်ဆို မင်းသိချင်တဲ့ မေးခွန်းရဲ့ အဖြေထွက်ပြီ"

"ခင်ဗျာ. . ."

ကျွန်ုပ် အံ့သြသွားသည် ။ ကျွန်ုပ် ဘာမျှမသိသေး။ သို့သော် အဖြေထွက်နေပြီဟု ဆရာဒီတူးက ပြောနေသည် ။

ကျွန်ုပ်. . . ခေါင်းနောက်သွားသည် ။ စဉ်းစား၍ မတတ်။

"ကျေးဇူးပြု၍ အသေးစိတ်ရှင်းပြပေးပါ. . . ဆရာ. . .။ ကျွန်တော် ဉာဏ်မမီလို့ ပါ"

"အေး. . . ကောင်းတယ်။ အဲဒီလို ရိုးသားစွာ ဝန်ခံလိုက်တော့. . . ကိစ္စပြီးမြန်တာပေါ့ကွာ"

"မင်း မြဲမြဲမှတ်ထား. . . မင်းရဲ့ အချိန်ဟာ မင်းရဲ့ ဘဝပဲ"

အဲဒီအချိန်မှာ အသက်ရှင်ဖို့ အတွက် မင်းအစာရှာနေတယ်။ အဲဒီအစာကို လွယ်လွယ်ကူကူ မဟုတ်ဘဲ ရုန်းကန်ပြီး ရှာရတယ်။ ဒီတော့. . . ဘဝဆိုတာ. . . . .။

ဆရာဒီတူးက စကားစဖြတ်ပြီး ကျွန်ုပ်ကို စူးစိုက်ကြည့်လိုက်သည် ။ ကျွန်ုပ်ခေါင်းထဲတွင် ဖျတ်ခနဲ အသိဉာဏ်တစ်ခု. . . လင်းလက်သွားသ

ည်။

“ဟုတ်ပြီ. . . ဟုတ်ပြီ. . . ကျွန်တော်သိပြီဆရာ. . .ဘဝဆိုတာ ရန်းကန်ခြင်းပဲ”

ဝမ်းသာအားရ ကျွန်တော်က အော်ဟစ်ပြောဆိုလိုက်သည်။

ဆရာက ပြုံးပြီး ခေါင်းညိတ်သည်။ ပြီးတော့. . . ပြောလိုက်သည်။

“မင်း. . . တော်တယ်”

*

# အခန်း(၂)

ဆရာဒီတူးက. . .

"တော်တယ်" အပြောခံရသော ကျွန်ုပ်သည် အမှန်တကယ် မတော်ပါ။ ချွတ်ယွင်းချက်. . . အားနည်းချက်တွေ အများကြီးရှိနေတုန်းဟု ထင်ပါသည် ။ သူများ တကာလို အုပ်စုဖွဲ့ပြီး အစာကောင်းကောင်း ကို ချောင်ကောင်းကောင်း မှာ ဝှက်ထားနိုင်သောအဆင့် မရှိသေးပါ။ ပုရွက်ဆိတ်တကာက ရိုသေလေးစားခံရလောက်အောင်လည်း ဂုဏ်အရှိန်အဝါ မရှိပါ။ သာမန်ပုရွက်ဆိတ်လေး တစ်ကောင်မျှသာ ဖြစ်ပါသည် ။ ထို့အတွက်. . . မည်သူမျှ ကျွန်ုပ်ကို အထင်မကြီးပါ. . . နေရာမပေးပါ. . . တန်ဖိုးမထားပါ။ ကျွန်ုပ်ကိုမြင်၍ မျက်လွှာချ. . . ဦးညွှတ်သွားခြင်းမျိုး မရှိပါ။ ကျွန်ုပ်စကားကို နားထောင်ရန် ခြေစုံရပ်၍ နားစွင့်နေကြသူများ လည်း မရှိပါ. . .။ ကျွန်ုပ်ပြောသမျှ လိုက်မှတ်သားရန် ဘုတ်အုပ်ဖွင့် ဘောပင်ကိုင်ထားသူများ လည်း မရှိပါ။ ထို့အတွက် တစ်ခါတစ်ရံ ကျွန်ုပ် စိတ်ထိခိုက် အားငယ်မိပါသည် ။

"အရာရောက်တဲ့ ပုရွက်ဆိတ်တစ်ကောင်"ဖြစ်ချင်စိတ်တွေ ပေါ်လာမိပါသည် ။ အရာရောက် အောင် ငါ. . . ဘာလုပ်ရမလဲ။ ငါ. . . ဘာလုပ်ရမလဲဟု . . . အလုပ်နားချိန်မှာ ကျွန်ုပ်စဉ်းစားရင်း အိပ်ပျော်သွားပါသည် ။

*